#ClosingTheGap မဲခေါင်ဒေသ

# အစီရင်ခံစာ

## ကွာဟချက်များကို လျှော့ချခြင်း

Entrepreneurial Ecosystem Assessment



Commissioned on behalf of:
Dutch Good Growth Fund (DGGF): Investment funds local SMEs

April 2019

#ClosingTheGap မဲခေါင်ဒေသ

# အစီရင်ခံစာ ကွာဟချက်များကို လျှော့ချခြင်း

Entrepreneurial Ecosystem Assessment

**တာဝန်ပေးချက်အရ လုပ်ဆောင်ခြင်း**

The Dutch Good Growth Fund သည် ပြည်တွင်း အငယ်စားနှင့်အလတ်စား စွန့်ဦးတီထွင်မှု စီးပွားရေး လုပ်ငန်းများအတွက် တစ်စိတ်တစ်ပိုင်းရင်းနှီးမြုပ်နှံမှုပေးသော ငွေကြေးဆိုင်ရာ ပံ့ပိုးမှုဖြစ်ပြီး နယ်သာလန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဘဏ္ဍာရေးဆိုင်ရာ ကနဦး ပံ့ပိုးမှုဖြစ်သည်။ အဆိုပါ ပံ့ပိုးမှု၏ ရည်ရွယ်ချက်မှာ ပျောက်ကွယ်နေသော အလတ်စား ရင်းနှီးမြုပ်နှံမှုများ ဖွံ့ဖြိုးလာစေရန် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပေးခြင်းဖြစ်သည် - စွန့်ဦးတီထွင်သူများဆိုသည်မှာ အသေးစားချေးငွေဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး ပုံမှန်ငွေကြေး ဝန်ဆောင်မှု မရရှိနိုင်သေးသူများကို ဆိုလိုသည်။ The Seed Capital and Business Development (SC&BD) အစီအစဉ်သည် DGGF လုပ်ငန်းစဉ်များကို ပိုမို ထိရောက်မှုရှိစေရန် နည်းပညာ ဆိုင်ရင် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း၊ ကနဦး ရင်းနှီးမြုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများအား ပြည်တွင်းရှိ အသေးစားနှင့် အလယ်အလတ်စား SME လုပ်ငန်းများအား ရင်းနှီးမြုပ်နှံမှုဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ရန်အတွက် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစီအစဉ်သည် ဖွံ့ဖြိုးဆဲ နိုင်ငံ များနှင့် တိုးတက်လာသော ဈေးကွက်များအတွင်း လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု အသိပညာ ဖြန့်ဝေခြင်း လုပ်ငန်းများဖြစ်သည့် သုတေသနလုပ်ငန်းများ၊ ယူဆချက်များအား စမ်းသပ်ခြင်းနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ငွေကြေးရင်းနှီးမြုပ်နှံမှုဆိုင်ရာ အကြောင်းအရာများ အစရှိသည့် - စီးပွားရေး ကဏ္ဍ အသီးသီးအကြား အသိပညာများ ဖလှယ်ခြင်းဖြစ်သည်။

**ရေးသားပြုစုသူများ**

David Totten, Grace Pyone Mya Moe Lwin, Matt van Roosmalen, Emerging Markets Consulting (EMC)

**ပြန်လည်ဆန်းစစ်ဖတ်ရှုသူများ**

Timo Hogenhout, Consultant Financial Inclusion / Access to Finance in Southeast Asia
Dominic Mellor, Asian Development Bank
Marnix Mulder, Director Market Development, Triple Jump

**ညှိနှိုင်းဆောင်ရွက်ခဲ့သူများ**

Triple Jump, fund manager of Dutch Good Growth Fund (DGGF) part Investment funds local SMEs:
Julia Kho, Knowledge Manager
Karina Avakyan, Knowledge Manager

**ကျေးဇူးတင်လွှာ**

DGGF မှ Emerging Markets Consulting (EMC) အား #CTG မဲခေါင် လေ့လာမှုများကို အပြီးသတ်ရန်အတွက် တာဝန်ပေးအပ်ရမ်းခဲ့သည်။ အဆိုပါလေ့လာမှုများတွင် The Evidence Network နှင့် Mekong Business Initiative တို့မှ သုတေသနဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးခဲ့ပြီး Aspen Network of Development Entrepreneurs, Micro Empire နှင့် Impact Hub တို့မှ #CTG မြန်မာ၏ ပါဝင်ပတ်သက်သူများ အလုပ်ရုံ ဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင်ခဲ့သည်။

**ထင်မြင်ချက်များ**

Julian Deleij - De Beeldmaecker

**မသက်ဆိုင်ကြောင်း**

ရှင်းလင်းချက် - #ClosingTheGap မြန်မာအား DGGF ကိုယ်စားပြု၍ စီးပွားရေး စွန်းဦး တီထွင်မှုဆိုင်ရာ ဖွဲ့စည်းပုံစနစ်၏ ကွာဟချက်များ လျှော့ချစေနိုင်သော အကြောင်းအရာများကို အကဲဖြတ်မှု များ ပြုလုပ်ရန် တာဝန်ပေးခန့်အပ်ခဲ့သည်။ ရှာဖွေတွေ့ရှိချက်များနှင့် ထောက်ခံအကြံပေးချက်များသည် Emerging Markets Consulting ၏ ကောက်ချက်ချမှုများပေါ်တွင်သာမူတည်ပြီး DGGF နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများ၏ သဘောထားအမြင်များကို ထင်ဟပ်စေခြင်းမရှိပါ။

Ministry of Foreign Affairs

EMC Emerging Markets Consulting

# ရှင်းလင်းချက် အကျဉ်းချုပ


၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် တပ်မတော်အုပ်ချုပ်မှုနှင့် ဗဟိုထိန်းချုပ်မှု စီးပွားရေးစနစ်မှ ဒီမိုဂရေစီ စနစ်နှင့် ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ်သို့ ကူးပြောင်းမှု လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပြီး အနာဂတ်စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများကို စီမံခန့်ခွဲလျက်ရှိနေသည်။ ဗမာလူမျိုးသည် နိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံဖြင့် အမြင့်ဆုံးလူဦးရေအဖြစ် ရပ်တည်လျက်ရှိပြီး ပြုပြင်ပြောင်းလဲမှုများသည် ကွဲပြားခြားနားသော လူမျိုးစုနှင့် ဘာသာရေး အတွေးအခေါ်များအကြား ဖြစ်ပွားလျက်ရှိသည်။

#CTG မဲခေါင် လေ့လာမှုအကြောင်းအရာအရ မြန်မာနိုင်ငံသည် လမ်းကြောင်း နှစ်ခုပေါ်တွင် ရပ်တည်နေသည်။ အဂ္ဂတိလိုက်စားမှုရှိသော နိုင်ငံရေးနှင့် ပြန်လည်နိုးထလာသော စီးပွားရေးအခြေအနေအရ မြန်မာနိုင်ငံသည် လက်ရှိ အခြေအနေတွင် သက်တမ်းအနုဆုံး နိုင်ငံဖြစ်လျက်ရှိပြီး ပထဝီအနေအထားအရ #CTG မဲခေါင်နိုင်ငံများ အတွင်း လာအိုနိုင်ငံဖြင့်သာ ချိတ်ဆက်မှုရှိနေသည်။ ထို့အပြင် ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် အကြီးဆုံးနှင့် ဖွံ့ဖြိုးမှု အမြန်ဆန်ဆုံးဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိလျက်ရှိသည်။

စီးပွားရေးဆိုင်ရာ အစီရင်ခံစာအများစုသည် မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာ အပေါ်တွင် အာရုံစိုက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် နယ်မြေသဘာဝ အနေအထားအရ ၎င်း၏ အရွယ်အစား ပမာဏ၊ တည်နေရာနှင့် သဘာဝအရင်းအမြစ်များမှ အကျိုးအမြတ်များခံစားရလျက်ရှိသည့်အပြင် ငယ်ရွယ်သော လုပ်သားအင်အားစုနှင့် အနာဂတ် ဒီမိုဂရက်တစ်အပြောင်းအလဲများပေါ်တွင်လည်း အကျိုးအမြတ် ရယူလျက်ရှိသည်။

၂၀၁၆ ခုနှစ် WBES စီစစ်လေ့လာမှု အချက်အလက်များအရ ၃၈% သော SME လုပ်ငန်းများသည် သေးငယ်ပြီး တိုးတက်မှုနှေးကွေးသော လုပ်ငန်းများဖြစ်၍ ဝန်ထမ်း ၅ - ၁၉ ဦးအတွင်းသာရှိပြီး နှစ်စဉ်တိုးတက်နှုန်းမှာ ၀ - ၁၀% သာရှိသည်။ အမျိုးသမီးများ လုပ်ငန်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ (>၅၀% သာ အမျိုးသမီးပိုင်ရှင်များ ဖြစ်သည်) ၃၅% သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အမျိုးသမီးများမှ ပိုင်ဆိုင်ကြပြီး အဆိုပါ ကိန်းဂဏန်းသည် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့နှင့်ယှဉ်လျှင် နိမ့်ကျလျက်ရှိသည်။ မြန်မာနိုင်ငံ၏ SME လုပ်ငန်းများအနေဖြင့် မဲခေါင်ဒေသတွင်း နိုင်ငံများနှင့်ယှဉ်လျှင် တီထွင်ဆန်းသစ် ပြုလုပ်နိုင်မှု အနိမ့်ဆုံးဖြစ်နိုင်ပြီး အထူးသဖြင့် အလတ်စားလုပ်ငန်းများအတွက် ပို၍ မှန်ကန်မှုရှိနိုင်ကြောင်း တွေ့ရှိရသည်။

ပုံ ၁ - မြန်မာနိုင်ငံ SME လုပ်ငန်းများအပေါ် ခွဲခြားစိတ်ဖြာခြင်း - ၂၀၁၆



အရင်းအမြစ် - ၂၀၁၆ ခုနှစ် လုပ်ငန်းများ စစ်တမ်းကောက်ယူမှု လေ့လာသုံးသပ်ချက်

## SME များသည် စိန်ခေါ်မှုမြင့်မားသော စီးပွားရေးပတ်ဝန်းကျင်အနေအထားကို ရင်ဆိုင်နေရခြင်း

စွန့်ဦးတီထွင်သူများနှင့် ဖွံ့ဖြိုးမှုကို ဦးတည်သော SME များကို ပံ့ပိုးပေးရာတွင် ပြောင်းလဲလာသော စီးပွားရေးအခြေအနေ၊ လက်ရှိနိုင်ငံရေးအခြေအနေနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုတို့၏ အားနည်းချက်များကြောင့် တူညီသော စိန်ခေါ်မှု အများအပြား ရှိနေကြောင်း ဖော်ပြနေသည်။ ထို့ကြောင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေး ရင်းနှီးမြုပ်နှံခြင်း အညွှန်းကိန်းမှ တိုင်းတာလျက်ရှိသော မူဝါဒနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းအရ မြန်မာသည် #CTG မဲခေါင်ဒေသ နိုင်ငံများအကြား အဆိုးဝါးဆုံးဖြစ်ပြီး အဆိုပါ အညွှန်းကိန်းသို့ မြန်မာနိုင်ငံဝင်ရောက်ခဲ့သည့် ၂၀၁၄ ခုနှစ် - ဒီမိုဂရေစီစနစ်နည်းလမ်းကျ ရွေးချယ်ခဲ့သော အစိုးရမဖွဲ့မီ ၁ နှစ်အလို - မှစတင်၍ တိုးတက်မှု အနည်းငယ်ကိုသာ တွေ့ရှိရသည်။ ၂၀၁၇ နှင့် ၂၀၁၈ စီးပွားရေး စစ်တမ်းများအရ ပြည်တွင်းပြည်ပ ရင်းနှီး မြုပ်နှံသူများမှလည်း အထက်ပါနည်းတူ ဖြေကြားခဲ့ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် လူသားအရင်းအမြစ်၊ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အရင်းအမြစ်များ ရှားပါးလျက် ရှိနေသော်လည်း ၎င်း၏ ကြီးမားသော ဈေးကွက်မှ အကျိုးအမြတ်ရရှိနေသည့်အပြင် နိုင်ငံတကာမှ မျက်ကွယ် ပြုခဲ့ချိန်အတွင်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရမှုများသည် ပြည်တွင်းကုန်ထုတ်လုပ်မှု အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားဖြစ်စေခဲ့သည်။ နှစ်ပေါင်းများစွာ ရင်းနှီးမြုပ်နှံမှုများ မရှိခဲ့ခြင်းကြောင့် အခြေခံအဆောက်အဦးများ အားနည်းလျက် ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများအကြား ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အဓိကအချက်အချာနေရာဖြစ်နိုင်သည့် အလားအလာများ ရှိနေခြင်းကြောင့် အစိုးရနှင့် နိုင်ငံတကာ ရင်းနှီးမြုပ်နှံသူများအား ဆွဲဆောင်လျက် ရှိနေသည်။

## ဘဏ္ဍာရေးဆိုင်ရာ အဓိကလိုအပ်ချက်မှာ ချေးငွေရရှိနိုင်မှုဖြစ်သည်

ဘဏ္ဍာရေးကဏ္ဍတွင်လည်း မူဝါဒနှင့်စည်းမျဉ်းများဆိုင်ရာ စိန်ခေါ်မှုများသည် ဘဏ်နှင့် နိုင်ငံတကာ ရင်းနှီး မြုပ်နှံမှု ကဏ္ဍများ၏ ဖွံ့ဖြိုးမှုကို နှောင့်နှေးနေစေသည်။ ကမ္ဘောဒီးယားနိုင်ငံအခြေအနေနှင့် ပွင့်လင်းစွာ နှိုင်းယှဉ်ရမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သောစနစ်နှင့် နိုင်ငံခြားသား ပိုင်ဆိုင်မှုများ ကြီးထွားမှု ရှိလာမည်ကို ပူပန်နေခြင်းကြောင့် ရင်းနှီးမြုပ်နှံမှုနှင့် ဆန်းသစ်တီထွင်မှုများအတွက် အကန့်အသတ် ဖြစ်စေလျက်ရှိသည်။ မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းအားလုံးသည် ချေးငွေရရှိနိုင်ရန် ခက်ခဲလျက်ရှိပြီး အထူးသဖြင့် နည်းပါးသော ချေးငွေများကြောင့် ဝင်ငွေနည်းပါးလျက်ရှိပြီး လုပ်ငန်းလည်ပတ်စရိတ် မြင့်မားခြင်းကြောင့် SME များအနေဖြင့် ချေးငွေရနိုင်ရန် ပို၍ အခက်အခဲရှိနေသည်။ စွန့်စားမှုပြုလုပ်သော ရင်းနှီးမြုပ်နှံမှုဆိုင်ရာ အချက် အလက်များအရမူ အလွန်ကောင်းမွန်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ အခြေခံ အားသာချက်များသည် ရင်းနှီးမြုပ်နှံမှုများစွာကို ဆွဲဆောင်လျက်ရှိနေသည်။ နည်းပညာကဏ္ဍအတွက် ရင်းနှီး မြုပ်နှံမှုများသည် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့နှင့် ယှဉ်လျှင် ထူးခြားစွာ မြင့်မားလျက်ရှိသည်။ သို့ရာတွင် ဂယ်လိုအား ဈေးကွက်အရ သေးငယ်လျက်ရှိခြင်းမှာ ပြည်တွင်း စွန့်ဦးတီထွင်သူများ၏ အတွေ့အကြုံနည်းပါးခြင်းကြောင့် ရင်းနှီးမြုပ်နှံမှုဆိုင်ရာ ဆုံးရှုံးမှုရှိနိုင်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ ကနဦးဈေးကွက်သို့ ဝင်ရောက်ခဲ့သည့် ပုဂ္ဂလိကရင်းနှီးမြုပ်နှံမှု ကဏ္ဍအတွက် ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲပြီး နှစ်များသည် စိတ်လှုပ်ရှားဖွယ် ဖြစ်ခဲ့သည်။ သို့ရာတွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ၂၀၁၇ ခုနှစ်တွင် ဈေးကွက် အခြေအနေ ပြန်လည်ကျဆင်းခဲ့သော်လည်း ရေရှည် တိုးတက်နိုင်မှု အလားအလာအပေါ် ယုံကြည်မှုမှာမူ မြင့်မားလျက် ရှိနေသေးသည်။

### စီးပွားရေးပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများသည် နည်းပညာဆိုင်ရာကဏ္ဍကို ပို၍ အာရုံစိုက်နေသည်

စီးပွားရေးပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍများတွင် မြန်မာနိုင်ငံအတွက် ရန်ကုန်တွင် နည်းပညာကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုကို အားပေးသောပတ်ဝန်းကျင် ရှိနေပြီး ၎င်းသည် စီးပွားရေးသဘော တူညီချက်ပုံစံများနှင့် အနိမ့်ဆုံး လုပ်ငန်းဆုံးရှုံးမှု အန္တရာယ်ကို အထက်ပါ နည်းပညာကဏ္ဍ ရင်းနှီးမြုပ်နှံသူများအတွက် စီစဉ် ဆောင်ရွက် ပေးလျက်ရှိသည်။ သို့ရာတွင် အဆိုပါ ရင်းနှီး မြုပ်နှံမှုများ၏ အရွယ်အစားနှင့် လုပ်ငန်းဆုံးရှုံးနိုင်မှု အခြေအနေ သည် ရင်းနှီးမြုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲအကြံပေးသူအများစုနှင့် ပုံမှန်စီးပွားရေးအစဉ်အလာပုံစံများတွင် ရင်းနှီးမြုပ်နှံမှု လုပ်လိုသူများ၏ လုပ်နိုင်စွမ်းအား၏ ပြင်ပတွင် ရှိနေခြင်းကြောင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲများ ရှိနေကြောင်း တွေ့ရသည်။ အစဉ်အလာအတိုင်း ဆောင်ရွက်သော SME များတွင် ရင်းနှီးမြုပ်နှံနိုင်ချေ နည်းပါးလျက် ရှိနေသော်လည်း ရင်းနှီး းမြုပ်နှံမှု မြှင့်တင်ခြင်းအစီအစဉ်သည် လက်ရှိ အခြေအနေကို ပို၍ တိုးတက်စေနိုင်မည် ဖြစ်သည်။

လက်ရှိ မြန်မာ့စီးပွားရေးစနစ်ကို သက်ရောက်မှုရှိစေသော အဓိက အချက်များကို အောက်ပါ SWOT ဇယားတွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

ပုံ ၂ - မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်အား SWOT ဖြင့် လေ့လာသုံးသပ်ခြင်း

STRENGTHS - အားသာချက်များ
- ကြီးမားသော ပြည်တွင်း ဈေးကွက်၊ ကြွယ်ဝသော သဘာဝအရင်းအမြစ်နှင့် တိုးတက်မှု အခွင့်အလမ်းကို ဖန်တီးပေး နိုင်သော မဟာဗျူဟာကျသည့် တည်နေရာ။
- နည်းပညာပိုင်းဆိုင်ရာ စွန့်ဦးတီထွင်သူများ အတွက် ပံ့ပိုးမှု ခိုင်မာခြင်း အထူးသဖြင့် ရင်းနှီးမြုပ်နှံမှုပေးခြင်းနှင့် လုပ်ငန်းတိုးတက်ရန် အရှိန်မြှင့်တင်ပေးခြင်း။
- ပည်ပရင်းနှီးမှုအတွက် မြင့်မားသော ဆွဲဆောင်မှုရှိခြင်း။

WEAKNESSES - အားနည်းချက်များ
- အစိုးရအနေဖြင့် လုပ်ငန်းလုပ်ဆောင်နိုင်သော ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ပေးနိုင်မှု အားနည်းခြင်း။
- ယေဘုယျအားဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍ အားနည်းခြင်း။
- စီးပွားရေးစနစ်မှာ သေးငယ်ဆဲဖြစ်ပြီး ရန်ကုန်မြို့ကိုသာ ဗဟိုပြု၍ တကွဲအပြား ဖြစ်နေခြင်း။
- နည်းပညာကဏ္ဍမဟုတ်သော နယ်ပယ်နှင့် ရိုးရာဓလေ့နယ်ပယ်ရှိ စွန့်ဦးတီထွင်သူများအား ပံ့ပိုးမှု အားနည်းခြင်း။

OPPORTUNITIES - အခွင့်အလမ်းများ
- ရန်ကုန်မြို့ပြင်ပသို့ တိုးချဲ့ခြင်း။
- အမျိုးသမီး စွန့်ဦးတီထွင်သူများအား ပံ့ပိုးမှု ပေးခြင်း။
- ဖွံ့ဖြိုးမှု မြန်ဆန်သော လုပ်ငန်းများ၊ အထူးသဖြင့် ပို့ကုန်လုပ်ငန်းအား ပံ့ပိုးပေးခြင်း။

THREATS - စိန်ခေါ်မှုများ
- စီးပွားရေးစနစ်ဆိုင်ရာကဏ္ဍအတွင်း ပါဝင်ဆောင်ရွက်နေသူများအကြား ပူးပေါင်း လုပ်ဆောင်မှုမရှိခြင်း။
- အတိုင်းအတာ ကျယ်ပြန့်သော စီးပွားရေး အတွက် တည်ငြိမ်မှုမရှိခြင်း၊ လုပ်ငန်းလုပ်ဆောင် နိုင်သော ပတ်ဝန်းကျင်အား တိုးတက်အောင် ဆောင်ရွက်မှုမရှိခြင်း။

### အကြံပြုချက်များ

လက်ရှိပြုပြင်ပြောင်းလဲမှုသည် အခြေခံအားဖြင့် SMC အတွက် လုပ်ငန်းပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ တိုးတက်လာရန် လိုအပ်သည်။ ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍတွင် ၂၀၁၈ ခုနှစ် အစိုးရ ကြေငြာချက်အရ ဈေးငွေဆိုင်ရာ အချက်အလက်များ ဖွံ့ဖြိုးလာစေခြင်း၊ ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် နိုင်ငံခြား ဘဏ်များ၏ လုပ်ပိုင်ခွင့်များကို တိုးမြှင့်ပေးသည့် အစီအစဉ်များကို အမှန်တကယ် အကောင်အထည် ဖော်နိုင်ခဲ့ပါက SME များအတွက် ချေးငွေ ရရှိနိုင်မှု အခွင့်အလမ်း မြှင့်တက်လာနိုင်ပါသည်။

အဆိုပါ အချက်အလက်များ အပြင် Gazelles - ဖွံ့ဖြိုးမှုမြန်ဆန်သော လုပ်ငန်းများ၊ ပို့ကုန် လုပ်ငန်းများနှင့် အမျိုးသမီး စွန့်ဦးတီထွင်သူများအတွက် ပံ့ပိုးမှုများကို မြှင့်တင်နိုင်ရန် အခွင့်အလမ်းများကိုလည်း အကြံပြု ထားပါသည်။

Gazelles - ဖွံ့ဖြိုးမှု မြန်ဆန်သော အလတ်စားလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍကို တွန်းအားပေးနိုင်သော အလားအလာများရှိပါသည်။ အထူးသဖြင့်မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ထုတ်ကုန်နှင့် ကုန်စည် စီးဆင်းမှု၌ ၎င်းပါဝင်မှုကို မြှင့်တင်နိုင်ရန် နှင့် ပြည်တွင်းထုတ်ကုန်များ ချိတ်ဆက် စီးဆင်း စေနိုင်မှုကို ခိုင်မာစေရန် ကြိုးစား နေခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် #CTG မဲခေါင်ဒေသအတွင်းရှိ အခြားနိုင်ငံများကဲ့သို့ပင် ပံ့ပိုးမှု ပေးနိုင်ရန် နည်းလမ်းများ နည်းပါးလျက်ရှိနေသေးကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ရှိပြီးသား အခြေအနေမှ စတင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းများမှာ ကြီးမားနေခြင်း ဖြစ်နိုင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံအတွက် အမှန်တကယ် အရေးကြီးပါသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် ယှဉ်ပါက မြန်မာနိုင်ငံရှိ Gazelle - ဖွံ့ဖြိုးမှု မြန်ဆန်သော အလတ်စားလုပ်ငန်းများသည် စီးပွားရေးနယ်ပယ် အတော် များများတွင် နောက်ကျနေကြောင်း တွေ့ရသည်။ နိုင်ငံခြားသား သို့မဟုတ် အမျိုးသမီးပိုင်ရှင် သို့မဟုတ် အမျိုးသမီးများ စီမံခန့်ခွဲမှုကို တွေ့ရခဲသည်။ လုပ်သားများမှာလည်း ပညာတတ်ပို နည်းကြပြီး လုပ်ငန်းရှင်များ မှလည်း အတတ်ပညာဆိုင်ရာ သင်တန်းများအတွက် ပံ့ပိုးမှု မတွေ့ရတတ်ပေ။ ပို့ကုန်လုပ်ငန်း တိုးတက်မှု အလားအလာ မြင့်မားသော်လည်း မြန်မာနိုင်ငံရှိ Gazelle အနည်းစုကိုသာ ပို့ကုန်လုပ်ငန်းတွင်တွေ့နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် နည်းပညာကဏ္ဍ စီးပွားရေးစနစ် ဖွံ့ဖြိုးလာချိန်တွင် ၎င်းလုပ်ငန်းများသည် ဆန်းသစ် တီထွင်မှုနှင့် နည်းပညာ အသုံးချနိုင်မှုများတွင်လည်း အားနည်းလျက်ရှိဆဲ တွေ့ရသည်။ အထက်ပါ အချက်အလက်များသည် လက်ရှိတွင် ဖြစ်နိုင်ချေ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှာဖွေတွေ့ရှိရန် ရုန်းကန် နေရသော ရင်းနှီး မြှုပ်နှံသူများနှင့် တွေ့ဆုံမှုမှ ရရှိခဲ့ခြင်း ဖြစ်သည်။

## အမျိုးသမီး စွန့်ဦးတီထွင်သူများ

#CTG မဲခေါင်နိုင်ငံအတွင်းတွင် မြန်မာနိုင်ငံသည် အမျိုးသမီး စွန့်ဦးတီထွင်သူ လုပ်ငန်းရှင်များ နည်းပါးလျက် ရှိနေသေးသည်။ ၎င်းသည် အရေးကြီးသကဲ့သို့ အခွင့်အလမ်းတစ်ခုလည်း ဖြစ်နေသည်။ လက်ရှိတွင် အသေးစား စီးပွားရေးလုပ်ငန်း အခွဲများဖြစ်သည့် (NE, SNE, SGB, SHG) များတွင် ၈၈% သာ အကောင်အထည်ဖော်ရန် မှတ်ပုံတင်ထားပြီး၊ ၆၁% အလုပ်အကိုင် အခွင့်အလမ်းရှိနေသည်။

အခြားဒေသမှ သုတေသနပြုလုပ်ချက်များအရ အမျိုးသမီးများသည် ဖျူရိုကရေစီစနစ်အတွင်း လုပ်ငန်း ဆောင်ရွက်ရာတွင် ၎င်းတို့သာတွေ့ရတတ်သော အတားအဆီးများနှင့် ရင်ဆိုင်ရနိုင်သည်။ သို့ဖြစ်၍ မြန်မာ နိုင်ငံတွင်လည်း ၎င်းသည် အဓိကအကြောင်းအရာ ဖြစ်နိုင်သည်။ ထိုစိန်ခေါ်မှုများသည် ပညာ တတ်မြောက်မှု အဆင့်နိမ့်ပါးခြင်း၊ စာတတ်မြောက်မှုအဆင့်နှင့် အဆင့်မြင့်အကြီးတန်း အရာရှိ အဆင့်များတွင် အမျိုးသမီး ပါဝင်နိုင်မှု နည်းပါးခြင်း (ဥပဒေပြု လွှတ်တော်အမတ်၊ အကြီးတန်း အရာရှိ၊ နှင့် မန်နေဂျာ) တို့ကြောင့် စွန့်ဦးတီထွင်သူတစ်ဦးအနေဖြင့် ရင်ဆိုင်ရတတ်သော လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ခြင်းများသည် ၎င်းတို့အတွက် အခက်အခဲများ ဖြစ်စေနိုင်သည်။

သို့သော် အမျိုးသမီး စွန့်ဦးတီထွင်သူများ ကြုံတွေ့ရသော အဓိက အခက်အခဲများကို သီးသန့် ပံ့ပိုးပေးသော လုပ်ဆောင်မှုများကို ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း အစီအစဉ်များတွင် မတွေ့ရှိခဲ့ရပေ။

## အလားအလာရှိသော ပို့ကုန်လုပ်ငန်းရှင်များအား ပံ့ပိုးမှုပေးခြင်း

မြန်မာနိုင်ငံသည် ပို့ကုန်လုပ်ငန်းတွင် အလားအလာရှိသော နိုင်ငံဖြစ်နေခြင်းမှာ နိုင်ငံ၌ သဘာဝအရင်းအမြစ် ကြွယ်ဝခြင်းနှင့် ထိုလုပ်ငန်းများ လည်ပတ်နိုင်ရန် စိတ်ဝင်စားသော ရင်းနှီးမြှုပ်နှံမှုများ ရှိခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် လတ်တလောတွင် အကောင်အထည်ဖော်နိုင်မှု မရှိသေးပေ။ #CTG မဲခေါင် လေ့လာမှုအရ ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်သော လာအို အပါအဝင် ဒေသတွင်နိုင်ငံ အားလုံးအကြားတွင် မြန်မာနိုင်ငံသည် ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပို့ကုန်တင်သွင်းမှုတွင် များစွာ နောက်ကျ ကျန်ရစ်လျက်ရှိသည်။

WBES ၏ အချက်အလက်များတွင်လည်း ထိုအကြောင်းအရာ စီးပွားရေးကဏ္ဍအားလုံးတွင် ထင်ဟပ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ SME များသည် ပို့ကုန်တင်ပို့နိုင်ရန် အလှမ်းဝေးလျက် ရှိနေသေးသည်။ သို့ရာတွင် ထိုအချက်မှာ အံ့သြဖွယ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံရှိ လုပ်ငန်းများအတွက် လာအိုနှင့် ကမ္ဘောဒီယားတွင် မရှိသော ကြီးမားသော ပြည်တွင်းဈေးကွက်ရှိနေသည့်အပြင် ပို့ကုန်တင်သွင်းမှု အရည်အသွေးများဖြစ်သည့် လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည် (သို့မဟုတ်) ပြည်တွင်းရှိ စီးပွားရေး ဝန်ဆောင်မှု အရည်အသွေးများအား မြှင့်တင်ရန်အတွက် တိုတောင်းသည့် အချိန်ကိုသာ ရခဲ့ခြင်းကြောင့်ဖြစ်သည်။

ပို့ကုန်တင်သွင်းမှုအတွက် အလားအလာရှိသော နိုင်ငံအဖြစ် သိရှိရန်လိုအပ်သကဲ့သို့ အကျိုးအမြတ် ရနိုင်သော အသေးစားနှင့် အလယ်အလတ်စား လုပ်ငန်းများအား ပံ့ပိုးမှုပေးခြင်း၊ ပို့ကုန် တင်သွင်းမှုကို ဦးစားပေးသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား နိုင်ငံတကာအခွင့်အလမ်းများ ရရှိစေရန် အကူအညီပေးခြင်းနှင့် ပြည်တွင်း ဈေးကွက်အတွက် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ စတင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်သည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံရှိ SME များသည် နိုင်ငံရေးနှင့် စီးပွားရေးအကူးအပြောင်းကာလအတွင်း ရှိနေသော အခြား ဖွံ့ဖြိုးဆဲ စီးပွားရေးစနစ်များနှင့် တူညီသော အခက်အခဲများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။ ၎င်းတို့သည် ဘဏ္ဍာရေးကဏ္ဍနှင့် ဈေးငွေရရှိမှု တို့အပေါ် သက်ရောက်မှုရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နည်းပညာဖွံ့ဖြိုးသော စီးပွားရေးစနစ်အတွက် မြင့်မားသော အလားအလာ ရှိနေသော်လည်း အစဉ်အလာအတိုင်း ဆောင်ရွက်သော စီးပွားရေးပုံစံ ကျင့်သုံးနေသော SME များအတွက်မူ အခွင့်အလမ်းများ နည်းပါးလျက်ရှိနေပါသည်။